**ငြိမ်းချမ်းရေးအထောက်အကူပြုကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက် (KPSN) ၏**
**အရေးပေါ်အစည်းအဝေးထုတ်ပြန်ချက်**
**၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်**

ငြိမ်းချမ်းရေးအထောက်အကူပြုကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက်၏အရေးပေါ်အစည်းအဝေးတစ်ရပ်ကို၂၀၁၅ခုနှစ်၊ဩဂုတ်လ (၂၁ မှ ၂၂) ရက်နေ့ထိမြန်မာ-ထိုင်းနိုင်ငံနယ်စပ်တစ်နေရာတွင် ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးသို့ ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းပေါင်း ( ၁၅ ) ဖွဲ့မှကိုယ်စားလှယ်စုစုပေါင်း (၂၆) ဦးတက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ငြိမ်းချမ်းရေးအထောက်အကူပြုကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက် (KPSN) ၏ရှေ့လုပ်ငန်းစဉ်များနှင့်အတူလက်ရှိဖြစ်ပေါ်တိုးတက်နေသော ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသုံးသပ်ကာ သဘောထားအမြင်များ စုစည်းပြီး အောက်ပါအတိုင်းထုတ်ပြန်လိုက်ပါသည်။

၁။ ၂၀၁၅ခုနှစ်ဩဂုတ်လ (၆ မှ ၇) ရက်နေ့ထိ ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သောအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့၏ (၉) ကြိမ်မြောက်အစည်းအဝေးရလဒ်များသည်အပြုသဘောဆောင်သည်ကိုတွေ့မြင်ရသည်။

၂။၂၀၁၅ခုနှစ်ဩဂုတ်လ (၁၅) ရက်နေ့တွင်ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၅) ကြိမ်မြောက်ကွန်ဂရက်အပြီးဗဟိုအမြဲတမ်းကော်မတီ၏ (၅) ကြိမ်မြောက်အရေးပေါ်အစည်းအဝေးထုတ်ပြန်ချက်အရ ကရင်အမျိုးသားအစည်းအရုံး (KNU) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင်ပါဝင်လက်မှတ်ရေးထိုးရန်ဆုံးဖြတ်ပြီးဖြစ်သည်ကိုသိရှိရသည်။

၃။ ငြိမ်းချမ်းရေးအထောက်အကူပြု ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက် (KPSN) အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး၏ ဆုံးဖြတ်ချက်ကိုကြိုဆိုပါသည်။ သို့သော်လည်းလတ်တလောဖြစ်ပေါ်လျက် ရှိနေသောအခြေအနေအချို့ကြောင့်များစွာစိုးရိမ်ပူပန်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်အတွက်မိခင်အစည်းအရုံးကိုအောက်ပါ အတိုင်း တိုက်တွန်းအပ်ပါသည်။

(က) နိုင်ငံရေးဆွေးနွေးပွဲကိုလျှင်မြန်စွာအကောင်းအထည်ဖော်နိုင်ရန်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး၏အင်အားစုအားလုံးပါဝင်ခြင်းသည် အရေးကြီးသောကြောင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုပါဝင်လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်နိုင်ရေးကို ဆက်လက်ညှိနှိုင်းပြီးကြိုးပမ်းအကောင်အထည်ဖော်သွားရန်နှင့် အကယ်၍အကြောင်းအမျိုးမျိုးကြောင့်အားလုံးပါဝင်နိုင်ခြင်းမရှိပါက KIO အပါအဝင် အနည်းဆုံးအနေဖြင့် နိုင်ငံတော်အစိုးရနှင့်နှစ်ဦးနှစ်ဖက် ယခင်ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူစာချုပ် (Bilateral Agreement) ချုပ်ဆိုထားပြီးသောတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးပါဝင်စေပြီးအတူတကွတစ်ပြိုင်တည်းလက်မှတ်ရေးထိုးရန်။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကိုအကြောင်းအမျိုးမျိုးကြောင့်ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအတွက် နိုင်ငံရေး၊စစ်ရေးနှင့်လူမှုရေးအာမခံချက်ရရှိပြီးမှသာသဘောတူလက်မှတ် ရေးထိုးရန်။

(ဂ) မိခင်ကရင်အမျိုးသားအစည်းအရုံး၏ စည်းလုံးညီညွတ်ရေးနှင့် ကရင်ပြည်သူများ၏လူမှုဘဝလုံခြုံမှုစသည့်အာမခံချက်ရှိအောင်ရှေးရှုကြိုးပမ်းဆောင်ရွက်သွားရန်။

(ဃ) ကရင်အမျိုးသားတော်လှန်ရေးရဲဘော်ရဲဘက်များ၏ ဘဝအာမခံချက်နှင့်ကရင်အမျိုးသားထုတစ်ရပ်လုံး၏နိုင်ငံရေးပန်းတိုင်ရောက်ရှိနိုင်ရေးအတွက် ရှေးရှုကြိုးပမ်းဆောင်ရွက်သွားရန်အလေးအနက်တိုက်တွန်းအပ်ပါသည်။

၄။ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရေးနှင့်ကရင်ပြည်သူတို့၏ဘဝငြိမ်းချမ်းသာယာရေးကိုရှေးရှုပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်နှင့်နိုင်ငံရေးတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးအထောက်အကူပြုကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ယက် (KPSN) အား အပြည့်အဝပါဝင်နိုင်ရန်မိခင်အစည်းအရုံးအားတောင်းဆိုအပ်ပါသည်။

**KPSN အကြောင်း**

KPSNသည် အရပ်ဖက်အဖွဲ့အစည်းပေါင်း (၂၉) ဖွဲ့ဖြင့်ပေါင်းစပ်ဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင်းရှိအကြီးဆုံးကရင်အရပ်ဘက်လူ့အဖွဲ့အစည်းကွန်ရက်ဖြစ်သည်။ ၎င်း၏အဖွဲ့ဝင် အဖွဲ့အစည်းများသည် ပဋိပက္ခဒဏ်ခံနေရသောနယ်မြေများရှိခုခံနိုင်စွမ်းမရှိသည့်ပြည်သူများနှင့်ရပ်ရွာလူထုများအား ဆယ်စုနှစ်ပေါင်းများစွာပံ့ပိုးပေးလာလျှက်ရှိပြီး ဒေသခံရပ်ရွာလူထုများအားအခွင့်အာဏာများပေးရန်ကြိုးပမ်းလျက် ပွင့်လင်းမြင်

သာပြီးတာဝန်ယူသည့်အဖွဲ့အစည်းများတည်ဆောက်ကာမြန်မာနိုင်ငံတွင်ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးပေါ်ထွက်လာရန်ကူညီပံ့ပိုးလျှက်ရှိသည်။

**ဆက်သွယ်ရန်**


မန်းသိမ်းဇော်။ ။ +၉၅ ၉၄၂၅၀၃၉၄၀၇ (ပြည်တွင်းဖုန်း၊ မြန်မာဘာသာဖြင့်ဆက်သွယ်ရန်)

နော်ကညောဖေါ်။ ။ +၆၆ ၈၁၀၂၉၅၅၀၃ (ထိုင်းဖုန်း၊ ကရင်နှင့်အင်္ဂလိပ်ဘာသာဖြင့်ဆက်သွယ်ရန်)